SACRIFICE
316

# အသက်ရှင်သော ယဇ်

*"ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူ ဖွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်း ဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ် သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသောအရာသည် အဘယ် အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက် ကြလော့။"* ရောမ ၁၂:၁-၂

**သင်၏ ယဇ်** သင်၏ခန္ဓာကိုယ်ကို *"အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ"* အဖြစ် ဆက်ကပ်ပူဇော်ရန် တိုက်တွန်းချက်ကို လူများစွာ အထင်မှားလေ့ရှိတတ်ကြပါသည်။ သို့သော် ဤအချက်သည် သင့်အား ယေရှုခရစ်၌ ယုံကြည်သူမျှသာဖြစ်ခြင်းထက် သာ၍ မှန်ကန်သောနည်းလမ်းဖြင့် ထိရောက်စွာ ယုံကြည်ကိုးစားတတ်စေရန် ဖော်ပြရာ၌ အလွန်ပင် အရေးပါလှသည်။ အခန်းငယ် ၁ တွင် ယုံကြည်သူတိုင်း ကယ်တင်ခြင်း *ရရှိပြီးနောက်* ဘုရားသခင်ထံ ထူးခြားသော ယဇ်ဖြစ်စေရန် တွန်းအားပေးလျက် ရှိပါသည်။ အခန်းငယ် ၂ တွင် ထိုသို့သော ယဇ်အဖြစ် ကိုယ်ကို*ဆက်သပြီးနောက်* အသက်တာအတွက် လိုအပ်သည့် လမ်းညွှန်ချက်များကို ဖော်ပြပေးထားသည်။ လုကာ ၉:၂၃ ထဲတွင် ကိုယ့်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်းလျက် ဘုရားသခင်ထံသို့ လိုက်ရမည်ဟု ဆိုထားပါသည်။ သို့သော်လည်း ထိုအရာမှာ ရောမ ၁၂:၁ တွင်ဆိုထားသည့် ရည်ရွယ်ချက်တော့ မဟုတ်ပါ။ ထိုအထဲ တွင် *"မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်း"* ဟူသော မိန့်ဆိုချက်မှာ ဘုရားသခင်ထံ *ထာဝရ* ဆက်ကပ်အပ်နှံမှုပြုခြင်း၊ အရှုံးပေးအပ်နှံခြင်း၊ အပြည့်အဝ ဝန်ခံဆက်ကပ်ခြင်းတို့ကို ဆိုလိုပါသည်။ ဤသည်မှာ ကယ်တင်ခြင်းအတွက် မဟုတ်ပါ။ ကယ်တင်ခြင်း ဟူသည်မှာ ခရစ်တော်၏ ပေးအပ်ပူဇော်သော ယဇ်အပေါ်တွင်သာ လုံးဝမူတည်သည်။ ဤအရာမှာ လုံးဝကွဲပြားပါသည်။ ဤသည်မှာ သင်ဆက်ကပ်မှုပြုရမည့် ယဇ် ဖြစ်သည်။ ဤသည် နေ့စဉ်ပြုရမည့် ယဇ်မျိုး မဟုတ်ပါ။ ၎င်းမှာ မိမိအသက်တာကို အသက်ရှင်သောယဇ်၊ သန့်ရှင်းသောယဇ်၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သော လက္ခဏာအားဖြင့် ဘုရားသခင်ထံ ထာဝရ အဆုံးထိ ပေးအပ်ပူဇော်ခြင်း ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ ဘုန်းတော်အတွက် စေတနာအလျှောက် အသုံးခံနိုင်ခြင်းငှာ မိမိကိုယ်ကို ဘုရားသခင်ထံ ပေးအပ်နိုင်သော ဆုလက်ဆောင်လည်း ဖြစ်သည်။

**မည်သည့်အတွက် ထိုယဇ်မျိုးကို ပြုလုပ်ရသနည်း။** ဤသည်မှာ ဘုရားသခင်၏ ကရုဏာတော်ကြောင့်သက်သက်သာ ဖြစ်ပါသည်။ ရောမ အခန်းကြီး ၁ – ၁၁ ထဲတွင် ဘုရားသခင်၏ ကရုဏာတော်အကြောင်း ဖော်ပြထားပါသည်။ ရောမ ၁၂:၁ သည် ထိုဂရုဏာတော်များကြောင့် ဘုရားသခင် သင့်အား အဘယ်အရာကို ပြုစေလိုကြောင်း ပြောပြထားပါသည်။ ရောမ ၁၂:၂ သည် သင်၏ပေးအပ်ပူဇော်သော ယဇ် *ပြုပြီးလျှင်* အသက်တာအတွက် တိုက်တွန်းချက် နှစ်ခုကို ပေးထားပါသည်။ ဘုရားသခင်၏ ကြီးမြတ်သော ကရုဏာတော်သည် သင့်အား ကယ်တင်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း အရာတို့ကို ပထမအခန်းကြီး ၁၁ ခန်းတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် မိမိကိုယ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံပါ။ ဘုရားသခင်သည် သင့် အား ယခုအသက်တာတွင်သာမက နောင်တမလွန် ထာဝရကာလအထိ ကောင်းချီးပေးတော်မူလိမ့်မည်။ သို့ရာတွင် သင်၏ စစ်မှန်သော ယဇ်ပူဇော်ခြင်း အသက်တာမှာ သင့်ရှေ့တွင် ရှိနေမည်တော့ မဟုတ်ပါ။ ၎င်းသည် သင့်နောက်ကွယ်တွင် ရှိနေနိုင်ပါသည်။ စစ်မှန်သော ယဇ်ပူဇော်ခြင်းအသက်တာသည် ဘုရားသခင် လုပ်ဆောင်ပေးခဲ့သော အရာများအပေါ်တွင်သာ အခြေခံသည်။ သခင်ယေရှုက သူ၏လက်တွင် သံချောင်းစိုက်ရာ ဒဏ်ချက်များဖြင့် သင့် အနားသို့ ရောက်လာကာ သင့်အား "ငါသည် သင့်အတွက် ပြုပေးသည်နည်းတူ၊ ငါ့အတွက် ဆည်းကပ်ပါ" ဟု မိန့်တော်မူသည်ဟု မြင်ယောင်ကြည့်ပါ။ ၎င်းသည် ရောမ ၁၂:၁ ၏ ဆိုလိုရင်းပင် ဖြစ်ပါသည်။

**မည်သည့်အတွက်ကြောင့် တစ်ကြိမ်နှင့်အပြီး ပူဇော်ရသနည်း။** ဤသည်မှာ ရောမ ၁၂:၁-၂ ထဲရှိ စကားလုံး၏ ဆိုလိုရင်းအတိုင်းပင် ဖြစ်သည်။ ရောမ ၁၂:၂ ထဲတွင် *"လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်"* ဟူ၍လည်းကောင်း၊ *"ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့"* ဟူ၍လည်းကောင်း ပစ္စုပ္ပန်ကာလ ပုံစံ ကြိယာဖြင့် ဖော်ပြထားပါသည်။ ၎င်းမှာ ထိုအရာ နှစ်ခုအတိုင်း ယခုနှင့် သင့်အသက်တာတစ်လျှောက်လုံး ဆက်လက်စောင့်ထိန်း လုပ်ဆောင်ပါ ဟု ဆိုလိုသည်။ သို့သော်လည်း ရောမ ၁၂:၁ ထဲတွင် *"မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆပ်ကပ်ခြင်း"* ဟူသော ကြိယာမှာ ဂရိစကားလုံး ပစ္စုပ္ပန် ကာလဝါကျ မဟုတ်ပါ။ ဂရိဘာသာတွင် ၎င်းကို ပြုလုပ်သူ အနည်းကိန်းကို ဆိုလိုသည်။ ၎င်းအဓိပ္ပါယ်မှာ အဆက်မပြတ် လုပ်ဆောင်ရမည်ဟု ဆိုလို ခြင်း မဟုတ်ပါ။ ၎င်းကို တစ်ကြိမ်နှင့်အပြီး လုပ်ဆောင်ရမည်ဟု ဆိုလိုပါသည်။ ဤသည်မှာ မိမိကိုယ်ကို ဘုရားသခင်ထံ ပြတ်သားစွာ ဆက်ကပ်အပ်နှံ မှုပြုခြင်းပင် ဖြစ်သည်။ မိမိကိုယ်ကို ဘုရားသခင်ထံ အသက်ရှင်သော ယဇ်အဖြစ် ဆက်သပါ။ ရောမ ၁၂:၁ က သင်၏ ထိုသို့ပေးအပ်ပူဇော်သော ယဇ် အကြောင်း ဖြစ်ပါသည်။ မိမိကိုယ်ကို ဘုရားသခင်၏ ယဇ်ပလ္လင်ပေါ်တွင် ပူဇော်ခြင်းငှာ ထာဝရတင်ထားခြင်း ဖြစ်သည်။

**ပူဇော်ခြင်း ဥပမာနှစ်မျိုး** တရားဟောရာ ၁၅:၁၂-၁၇ ထဲတွင် ဤအရာအတွက် ဥပမာတစ်ခုကို ပေးထားပါသည်။ လွတ်ခြင်းအခွင့်ရသော ဟေဗြဲကျွန်သည် မိမိ၏သခင်ထံ *မိမိစိတ်စေတနာအလျောက်* တခဏနှင့် *အမြဲတမ်းကျွန်* အဖြစ် ပြန်လည်နေထိုင်ရန် ဆုံးဖြတ်နိုင်သည်။ ထိုသို့ ရွေးချယ်ခြင်းမှာ သခင် ဖြစ်သူ၏ ယခင်က မည်မျှကရုဏာထားခဲ့ခြင်းအပေါ် မူတည်ပါသည်။ ထိုအတွက် ကျွန်ဖြစ်သူ၏ သခင်အပေါ် ထားရှိသော မေတ္တာကို ရောင်ပြန်ဟပ် စေခြင်းပင် ဖြစ်ပါသည်။ ၎င်းမှာ ထာဝရအတွက် ဖြစ်သည်။ ထိုကျွန်သည် မိမိသခင်၏ အမြဲတမ်းကျွန်ဖြစ်ကြောင်း ဖော်ပြရန်အတွက် ဆူးချွန်ကို သုံး၍ ကျွန်၏နားကို ဖောက်ရသည်။ ဤကဲ့သို့ တဖန်ကျွန်ခံခြင်းမှာ ကျွန်ကိုယ်တိုင်၏ ရွေးချယ်မှုသာ ဖြစ်သည်။ သူ့အပေါ် အတင်းအကျပ် စေခိုင်းလုပ်စေခြင်း မဟုတ်ပါ။ ၎င်းမှာ အပြီးအပိုင် ဆုံးဖြတ်ချက်ချမှု ဖြစ်သည်။ အခြားဥပမာတစ်ခုမှာ ပဋိညာဉ်ဟောင်းထဲတွင် တိရစ္ဆာန်များကို ယဇ်ပူဇော်ခြင်း ဖြစ်သည်။ ထိုတိရစ္ဆာန်သည် ယဇ်ပူဇော်ခြင်းငှာ ယဇ်ပလ္လင်အပေါ် တင်နိုင်သော နှစ်သက်ဖွယ် အနာအဆာကင်းမဲ့သောသူ ဖြစ်ရမည်။ ဝတ်ပြုရာ ၁ – ၅ ထဲတွင် အနာအဆာရှိသော၊ ချို့တဲ့သော တိရစ္ဆာန်ကို ယဇ်ပူဇော်ခြင်းငှာ လက်မခံပါ။ ၎င်းက ရောမ ၁၂:၁ တွင် ဖော်ပြထားသည့်အတိုင်း သင်၏ယဇ်ပူဇော်ခြင်း အမှုသည် သန့်ရှင်းသော၊ နှစ်သက်ဖွယ်သော လက္ခဏာတို့ဖြင့် ပြည့်စုံရမည်ကို ပုံဖော်ထားခြင်း ဖြစ်ပါသည်။ ယဇ်ပူဇော်ခံရသော တိရစ္ဆာန်၏ သေခြင်း သည် ထိုယဇ်ပူဇော်ခြင်းအတွက် ထာဝရဖြစ်မှုကို ပုံဆောင်ပါသည်။ မည်သည့်ယဇ်ကောင်မျှ မီးအပူရှိန်ပြင်းလာသဖြင့် ယဇ်ပလ္လင်ပေါ်မှ တွားသွား၍ ဆင်းမပြေးသွားတတ်ပါ။ မည်သည့်ယဇ်ပုရောဟိတ်မျှ နေ့အဆုံးတွင် ထိုယဇ်ကောင်ကို ပြန်ယူ၍ နောက်တစ်နေ့ ပြန်လည်ပူဇော်ရန်အတွက် ယူမသွား တတ်ပါ။ ၎င်းသည် အပြီးအပိုင် ထာဝရပူဇော်ခြင်း ဖြစ်သည်။ သင်က အခက်အခဲနှင့် ကြုံတွေ့သောအခါ သင်၏ ရောမ ၁၂:၁ ယဇ်ကို ယဇ်ပလ္လင်ပေါ်မှ ပြန်ယူသွားမည်ဆိုပါက၊ ဘယ်သောအခါမျှ ရောမ ၁၂:၁ ထဲကအတိုင်း ယဇ်ပူဇော်ခြင်း မဖြစ်နိုင်ပါ။

**သင်၏ယဇ်ကို တဖန်ပြုလုပ်ခြင်း** သင်၏ ရောမ ၁၂:၁ ယဇ်ကို တစ်ကြိမ်ထက်မက ထပ်၍ပြုလုပ်သင့်ပါသလား။ လုပ်ဆောင်နိုင်ပါသည်၊ အကယ်၍ သင်၏ယဇ်သည် နှစ်သက်ဖွယ်သောအရာ ကနဦးမဖြစ်ခဲ့လျှင် တဖန်ပြုလုပ်နိုင်ပါသည်။ ရောမ ၁၂:၁ ယဇ်သည် အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာ၊ နှစ်သက်ဖွယ်သော လက္ခဏာ ဖြစ်ခြင်းငှာ လိုအပ်ပါသည်။ သင်သည် ခရစ်တော်ကို ယုံကြည်သောသူ ဖြစ်သဖြင့် *"သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်"* သောသူ၊ အသက်ရှင်သောသူ ဖြစ်ပါသည် (ယောဟန် ၅:၂၄)။ သန့်ရှင်းသောယဇ် ဖြစ်စေရန်မှာ သင်၏ တာဝန်ပင် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းထဲရှိ တိရစ္ဆာန်များမှာ ယဇ်ပူဇော်ခံထိုက်စေခြင်းငှာ နှစ်သက်ဖွယ်သော ယဇ်ကောင် ဖြစ်ရပါမည်။ မည်သည့် တိရစ္ဆာန်မှ ပြည့်စုံသည် ဟူ၍မရှိပါ။ သို့ရာတွင် ယဇ်ကောင်သည် အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချို့တဲ့မှု မရှိခြင်းတို့ဖြင့် ပြည့်စုံရမည်။ ၎င်းက ရောမ ၁၂:၁ ထဲရှိ ယဇ်ပူဇော်ထိုက်ခြင်းငှာ အချက်နှစ်ခုကို ပုံဖော်ပေးပါသည်။ ပထမဦးစွာ၊ သင်၏ ယဇ်သည် အနာကင်းစင်ရမည်။ အပြစ်နှင့်ပြည့်သော အနာ၊ ဘုရားသခင်ထံမှ ကင်းကွာနေခြင်းတို့ကို ကယ်တင်ခြင်းအားဖြင့် ကုသရမည်။ ထို့ကြောင့် ရောမ ၁၂:၁ ကို ယုံကြည်သူများအတွက်သက်သက် ရေးသားထားခြင်း ဖြစ်ပါသည် (ထိုကျမ်းပိုဒ်ရှိ "ညီအစ်ကိုတို့" ဟူသည့် စကားလုံး၏ ဖော်ညွှန်းနေမှုဖြင့် သိရသည်)။ မယုံကြည်သူတစ်ဦး၏ ယဇ်သည် လက်ခံနိုင်သော ယဇ်မဖြစ်နိုင်ပါ။ ထိုသူသည် ထိုယဇ်ကို ကယ်တင်ခြင်း *မရရှိမီ* မလုပ်ဆောင်ရဘဲ၊ ကယ်တင်ခြင်း *ရရှိပြီးနောက်* တွင်သာ ပူဇော်ရမည် ဖြစ်သည်။ ယေရှုနောက်သို့ မလိုက်မီ သူ့ထံပါးသို့ ဦးစွာ လာရမည် ဖြစ်သည်။ သင်၏ ကယ်တင်ခြင်း စိတ်ချယုံကြည်မှု ရှိမရှိ သေချာလိုပါက [www.Gospel316.org.](http://www.Gospel316.org) သို့ ဝင်ရောက်လေ့လာပါ။ သန့်ရှင်းသော လက္ခဏာဟူသည် ယုံကြည်သူအသက်တာထဲတွင် ဝိညာဉ်ရေးရာ သန့်ရှင်းစင်ကြယ်ခြင်းရှိမှု အဆင့်ကို ညွှန်ပြနေပါသည်။ ထိုအခါမှသာ သင်၏ ရောမ ၁၂:၁ ယဇ်သည် ဘုရားသခင် နှစ်သက်ဖွယ်သောအရာ ဖြစ်လိမ့်မည်။ *"သို့ဖြစ်၍၊ အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကို ပယ်၍၊ မိမိကို စင်ကြယ်စေသောသူ မည်သည်ကား၊ အသရေရှိသောတန်ဆာ၊ သန့်ရှင်း၍ အိမ်ရှင်သုံးစရာ ကောင်းသောတန်ဆာ၊ ကောင်းသောအမှုများအဖို့ အလိုငှာ ပြင်ဆင်သောတန်ဆာ ဖြစ်လိမ့်မည်။"* ၂ တိမောသေ ၂:၂၁ သင်သည် လူသားဖြစ်သည့် အားလျော်စွာ မပြည့်စုံနိုင်ပါ။ သို့ရာတွင် သင်သည် ဝိညာဉ်ရေးရာ ကျန်းမာခြင်း၊ သန့်ရှင်းခြင်းအသက်တာဖြင့် မိမိကိုယ်ကို ဆက်သနိုင်ပါသည်။ သင်၏ အသက်ရှင်သော လက္ခဏာ၊ သန့်ရှင်းသော လက္ခဏာ ဖြစ်ခြင်းကို ဘုရားသခင် လက်ခံတော်မူပြီးနောက်တွင်သာ ထိုအမှုကို တစ်ဖန် လုပ်ဆောင်ရန် လိုအပ်တော့မည် မဟုတ်ပါ။ သို့ရာတွင် သင်၏ ယဇ်မှာ ယာယီမျှသာ ဖြစ်နေခြင်းကြောင့်၊ မသန့်ရှင်းခြင်းကြောင့် ဘုရားသခင် လက်မခံနိုင်သော ယဇ်ဖြစ်ခဲ့လျှင် တဖန်ပြုလုပ်စေဖို့ လိုအပ်ပေလိမ့်မည်။ မိမိကိုယ်ကို ထာဝရ ယဇ်၊ အသက်ရှင်သော ယဇ်၊ သန့်ရှင်းသော ယဇ်အဖြစ် ဆက်ကပ်ပူဇော်ပါ။ စိတ်ဆန္ဒအလျောက် ဘုရားသခင်၏ အမြဲတမ်းကျွန်အဖြစ် ဆက်သပါ။ ဤအမှုကို ပေါ့ပေါ့တန်တန် မပြုလုပ်ပါနှင့်။ ၎င်းသည် ကယ်တင်ခြင်းစိတ်ချမှု ရရှိပြီးနောက်တွင်သာ ပြုလုပ်ရသည့် အလွန်လေးနက်သော ဆုံးဖြတ်ချက် ဖြစ်ပါသည်။ သင်၏ ယဇ်သည် နှစ်သက်ဖွယ်သောအရာအဖြစ် လက်ခံပြီးနောက်တွင် စစ်မှန်သော ခရစ်တော် နောက်လိုက်တစ်ဦးအဖြစ် သင်၏ ရောမ ၁၂:၂ ထဲက လောကီပုံသဏ္ဍာန်ကို မဆောင်ဘဲ စိတ်နှလုံးသစ်ဖြင့် ပုံသဏ္ဍာန် ပြောင်းလဲသော အသက်တာသို့ ဆက်လက်လျှောက်လှမ်းပါ။ ယေရှုခရစ်သည် သင့်အတွက် ပြုပေးခဲ့သည်နည်းတူ၊ ထိုအတိုင်း သင်၌လည်း ပြုလုပ်ပါ။

**ယဇ်ပြုပြီးနောက် အသက်တာ** *"သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော် ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"* ရောမ ၁၂:၂ ဤကျမ်းပိုဒ်က သင်၏ ရောမ ၁၂:၁ ထဲက ယဇ်ပြုလုပ်ပြီးနောက် အသက်တာအတွက် တိုက်တွန်းအားပေးချက် ဖြစ်ပါသည်။ ထိုတိုက်တွန်းချက်များသည် ပစ္စုပ္ပန်ကာလ ဝါကျဖြစ်သဖြင့် လောကီပုံသဏ္ဍာန်ကို မဆောင်ခြင်း၊ မိမိ၏စိတ်နှလုံးကို အစဉ်မပြတ် အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ လုပ်ဆောင်နေပါဟု ဆိုလိုပါသည်။ ဤလောက၏ အပြစ်ရှိသော အကျင့်ဓလေ့အတိုင်း လိုက်လျောညီထွေစွာ ပြုလုပ်ခြင်း၊ လက်ခံခြင်းမျိုး မပြုလုပ်ပါနှင့်။ ယုံကြည်သူဖြစ်သည့်အလျောက် လောက၏ ပုံသွင်းလုပ်ဆောင်သည့်အတိုင်း မကျင့်ဆောင် ပါနှင့်။ ရောမ ၁၂:၂ ထဲတွင်၊ *"စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့" ဟု တိုက်တွန်းထားပါသည်။ "ပုံသဏ္ဍာန်ပြောင်းလဲခြင်း"* ဟူသည် ဂရိစကားလုံးကို ဘာသာပြန်ထားသော မဿဲ ၁၇:၂ နှင့် မာကု ၉:၂ တို့တွင် သခင်ယေရှုကို ရည်ညွှန်းအသုံးပြုသော *"သဏ္ဍာန်တော် ပြောင်းလဲခြင်း" အတွက် ဆင်တူသော စကားလုံးပင် ဖြစ်ပါသည်။* ရောမ ၁၂:၂ က သင်၏စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း (ပြုပြင်မွမ်းမံခြင်း၊ ပိုမိုကောင်းမွန်သော အသက်တာသို့ လုံးဝပြောင်းလဲခြင်း) အားဖြင့် သဏ္ဍာန်တော်ပြောင်းလဲစေရန် တိုက်တွန်း ထားပါသည်။ ထိုသို့သော အသွင်ပြောင်းလဲခြင်း (ပိုးတုံးလုံးမှ လိပ်ပြာအဖြစ်သို့ ကူးပြောင်းသည်နည်းတူ) သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာ၍ လက်တွေ့အသက်ရှင်သောအခါတွင် ဖြစ်ပေါ်လာလိမ့်မည်။ ရောမ ၁၂:၁ ကယဇ်သည် သင့်အတွက်ဖြစ်စေပါ။ လောကီပုံစံခွက်ထဲသို့ အတင်းအကျပ် သွတ်သွင်းမခံပါစေနှင့်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူ၍ အသက်ရှင်ခြင်းဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ရှိလော့။ သို့မှသာ ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားသိမြင်၍ လက်တွေ့အသက်ရှင်နိုင်လိမ့်မည်။

**"ဘုရားသခင် အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။" ရောမ ၁၂:၂**

---

*အသက်ရှင်သော ယဇ်* © ၂၀၂၆ ခုနှစ်ထုတ်၊ John D. Morris III ရေးသားသော စာအုပ်ကို Acts One Eight မှ ထုတ်ဝေသည်။ ရေးသားချက်အကြောင်းအရာ အပြည့်အစုံကို ဖြည့်စွက် ပြောင်းလဲပြင်ဆင်ခြင်းမရှိလျှင် လွတ်လပ်စွာ ပုံနှိပ်ခြင်း၊ ကူးယူခြင်း၊ ပို့စ်တင်ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် စာတိုပို့ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ စာမျက်နှာ (၁) ထိပ်ဆုံးတွင် သင်၏သာသနာ၊ အသင်းတော်အမည်၊ လိုဂိုတံဆိပ်တို့ကို ထည့်သွင်း၍၊ စာမျက်နှာ (၂) အောက်ခြေလိုင်းရှိ မျဉ်းအထက်တွင် ဆက်သွယ်ရန်လိပ်စာကို ထည့်သွင်းထားနိုင်ပါသည်။ *Sacrifice316* သည် သမ္မာကျမ်းစာတစ်ခုတည်းကိုသာ အခြေခံထားပြီး၊ လူများစွာ ယေရှုကို သာမန်ယုံကြည်သူ ဖြစ်ခြင်းထက် ဝိညာဉ်ရေးရာတွင် ပိုမိုကြီးထွားလာစေရန် ပံ့ပိုးပေးလျက်ရှိပါသည်။ Acts One Eight သို့ အီးမေးလ်ပေးပို့လိုပါက (အင်္ဂလိပ်ဘာသာဖြင့်သာ) [Hello@Mail316.org.](mailto:Hello@Mail316.org) သို့ပေးပို့နိုင်ပါသည်။ အင်္ဂလိပ်စာဖြင့် မဟုတ်သော အခြားဘာသာပြန်အတွက် ဘာသာပြန် ဝန်ဆောင်မှုကို [www.ChristianLingua.com.](http://www.ChristianLingua.com) မှပံ့ပိုးပေးထားပါသည်။ *အသက်ရှင်သော ယဇ်* ကို [www.Sacrifice316.org.](http://www.Sacrifice316.org) တွင် ဘာသာစကားပေါင်း ၄၈ မျိုးဖြင့် အခမဲ့ ရရှိနိုင်ပါသည်။ အင်္ဂလိပ်ဘာသာအတွက် ကျမ်းပိုဒ်ကိုးကားချက်များသည် The Lockman Foundation ၏ New American Standard Bible 1995 ထဲမှ ကောက်နှုတ်ထားပါသည်။ ဤဘာသာပြန်တွင် ကျမ်းပိုဒ်ကိုးကားချက်များသည် ယုဒသန် သမ္မာကျမ်းစာ ထဲမှ အသုံးပြုပါသည်။